# စစ်ရေးမလှူ ရေဘေးကူ

*ကပ်ဘေးအကြား စစ်ကောင်စီ၏ အမြတ်ထုတ် သွေးခွဲမှု*

ဖြစ်စဉ်လေ့လာချက်

The Red Flag

နိုဝင်ဘာ ၂၀၂၄

# နိဒါန်း

"အကာအကွယ်ပေးသူ၊ ကယ်တင်ရှင် သဏ္ဍာန်ဆောင်ပြီး အုပ်စိုးသူတွေက အာဏာ စက်ဝန်းချဲ့ဖို့ ကပ်ဘေးတွေကို အသုံးချလေ့ရှိတယ်"[1]

Dave-Inder Comar
Human Rights Pulse

---

အာဏာရှင်မဟုတ်သော ပုံမှန်အစိုးရများသည်ပင် ကပ်ဘေးအာဏာရှင်ဟု ခေါ်ထွင်နိုင်သည် အထိ ကပ်ဘေးအာဏာစက်ဝန်းကို ကပ်ဘေးအကြား ရနိုင်သမျှ များများနှင့် ခိုင်ခိုင်ချဲ့ထွင်ထားတတ်ကြသည်။ အာဏာရှင်လက်အောက်က မြန်မာနိုင်ငံတွင်တော့ သာ၍ ဆိုးပါသည်။

မြန်မာပြည်သူများ၏ နေ့စဉ်ဘဝတွင် အာဏာသိမ်းစစ်ကောင်စီက အရပ်သားများအား အကြမ်းဖက်ဖမ်းဆီး၊ သတ်ဖြတ်မှုများ၊ ပြည်သူများရှိရာနေရာများကို သိမ်းကြုံး ဗုံးကြဲခြင်းများကြောင့် သန်းပေါင်းများစွာသော ပြည်သူများက အိုးအိမ်စွန့်ခွာ စစ်ဘေးရှောင်နေရပြီး လူမှုစီးပွား၊ အခက်အခဲများစွာကို စစ်တပ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယနေ့တိုင် ရင်ဆိုင်နေရသည်။ တစ်ပူပေါ်တစ်ပူဆင့် ဆိုသကဲ့သို့ ယခုနှစ် မိုးလယ်ကာလ ဇူလိုင်လမှ မိုးနှောင်းကာလ စက်တင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံကို ဦးတည်ဝင်ရောက်ခဲ့သည့် အင်အားပြင်း ရာဂိတိုင်ဖွန်းမုန်တိုင်း၏ အဖျားခတ်မှုကြောင့်[2] မြန်မာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ ရေလျှံ၊ မြေပြို၊ နစ်မြုပ်ခဲ့သည့် သဘာဝဘေးဒဏ်ကို ဆိုးရွားစွာ တွေ့ကြုံ၊ ခံစားခဲ့ရပါသည်။

---

[1] https://www.humanrightspulse.com/mastercontentblog/crisis-dictatorship-coronavirus-climate-chaos-and-grave-threats-to-human-rights
[2] https://www.bbc.com/burmese/articles/c3gg4rl9z0wo

အာဏာသိမ်းစစ်ကောင်စီ၏ သဘာဝဘေးစီမံခန့်ခွဲမှုအောက်ရှိ မြန်မာနိုင်ငံသည် မုန်တိုင်းဒဏ်အပြည့်ခံခဲ့ရသည့် ဗီယက်နမ်နိုင်ငံထက်ပင် လူအသေအပျောက် များခဲ့ကြောင်း[3] တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ယခုကာလသည် မြန်မာပြည်သူများအနေဖြင့် သဘာဝဘေးနှင့်စစ်ဘေး နှစ်ထပ်ကွမ်းဒဏ်ကို အလူးအလဲခံနေရချိန်ဖြစ်ပါသည်။

တိုင်းနှင့်ပြည်နယ် ၉ ခုတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရာ သေဆုံးသူ ၄၃၃ ဦးအထိရှိခဲ့ပြီး လူဦးရေ ၅ ဒသမ ၆ သန်း ရေဘေးအန္တရာယ် ရင်ဆိုင်ခဲ့ရသည်။[4] တစ်နိုင်ငံလုံးရှိ မြို့နယ် ၃၃၀ တွင် ၃၁၄ မြို့နယ်က မြေဧက ၁၀ သန်းကျော်ကို ရေလွှမ်းမိုးခဲ့ခြင်း ဖြစ်သည်။ လူဦးရေအများဆုံး ရေဘေးသင့်ခဲ့သည့်နေရာမှာ ဧရာဝတီတိုင်းဖြစ်ပြီး၊ ပဲခူးတိုင်းက ဒုတိယအများဆုံးနှင့် စစ်ရေးပြင်းထန်နေသည့် စစ်ကိုင်းတိုင်းက တတိယအများဆုံး ရေဘေးသင့်ခဲ့ကြောင်း သုသေသနအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (ISP-Myanmar) က အောက်တိုဘာ ၁၅ ရက်တွင် အချက်အလက်များဖြင့်[5] ဖော်ပြခဲ့ပါသည်။

---

[3] https://burma.irrawaddy.com/video/2024/09/15/390574.html

[4] https://burma.irrawaddy.com/article/2024/10/02/391320.html

[5] https://ispmyanmar.com/community/wp-content/uploads/2024/10/20241015-ISP-Insight-V02I06-Climate-Conflict-Nexus.pdf

## ■ မုန်တိုင်းသုံးလုံးအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ နှိုင်းယှဉ်ချက်

မြန်မာနိုင်ငံအနေနှင့် ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းဒဏ်ကို အဖျားခတ်ရုံမျှ ခံခဲ့ရခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းမှာမူ မြန်မာနိုင်ငံအတွင်းသို့ ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး အကြီးဆုံးသဘာဝဘေးအဖြစ် သတ်မှတ်ခံရသော '၂၀၁၅ ခုနှစ် ရေကြီးမှု'ကို ဖြစ်စေခဲ့သည့် ကိုမန်မုန်တိုင်းမှာလည်း မြန်မာနိုင်ငံကို အဖျားခတ် တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မုန်တိုင်းသုံးလုံးအတွင်း ထိခိုက်ပျက်စီးမှုများကို နှိုင်းယှဉ်ပါက ယခုနှစ် ရာဂီမုန်တိုင်း အဖျားခတ်မှုအတွင်း သေဆုံးရသည့်ပမာဏမှာ မိုခါမုန်တိုင်းနှင့် ကိုမန်မုန်တိုင်းကာလများအတွင်း သေဆုံးရသောပမာဏထက် ပိုများခဲ့ပါသည်။

| | ၂၀၂၄ ရာဂီမုန်တိုင်း | ၂၀၂၃ မိုခါမုန်တိုင်း | ၂၀၁၅ ကိုမန်မုန်တိုင်း |
|---|---|---|---|
| လူသေဆုံးမှု | ၄၃၃ | ၁၅၂ | ၁၃၂ |
| ရေဘေးသင့်လူဦးရေ | ၉၅၈,၆၄၀ | ၅,၄၀၀,၀၀၀ | ၁,၆၇၆,၀၈၆ |
| ရေဘေးသင့်မြို့နယ် | ၁၁၀ | ၃၉ | ၂၁၈ |
| ရေဘေးသင့်ပြည်နယ်/တိုင်းဒေသကြီး | ၈ | ၅ | ၁၂ |
| အိမ်ခြေပျက်စီးထိခိုက်မှု | ၁၁၇,၉၅၁ | ၂၄၂,၂၃၃ | ၅၂၄,၀၀၀ |
| ကျောင်းအဆောက်အအုံပျက်စီးမှု | ၅၃၈ | ၂,၁၁၄ | ၄၃၀ |

ရင်းမြစ် - ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းသက်ရောက်မှု အချက်အလက်များမှာ စက်တင်ဘာ ၂၈ ရက်အထိ စစ်ကောင်စီ၏ ထုတ်ပြန်ချက်များကို အခြေခံသည်။ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း သက်ရောက်မှု အချက်အလက်များမှာ AHA center နှင့် ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်များအပေါ် အခြေခံထားသည်။ မိုခါမုန်တိုင်းအတွင်း ရိုဟင်ဂျာများအပါအဝင် လူ ၄၀၀ ခန့် သေဆုံးကြောင်း ကွဲပြားသည့် ထုတ်ပြန်ချက်များလည်းရှိသည်။ ၂၀၁၅ ခုနှစ် ကိုမန်မုန်တိုင်း သက်ရောက်မှု အချက်အလက်များမှာ သမ္မတဦးသိန်းစိန်အစိုးရလက်ထက် ထုတ်ပြန်သော အချက်အလက်များအပေါ် အခြေခံပါသည်။

သို့သော် အချို့ဒေသများတွင် မြေပြိုမှုကြောင့် ရွာလုံးကျွတ် ပျောက်ကွယ်သွားသောကြောင့် ထိုအရေအတွက်သည် အလွယ်တကူမြင့်တက်သွားနိုင်ချေရှိသည်။ ထိုရေလွှမ်းမိုးမှုများသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနောက်ပိုင်းတွင် နိုင်ငံကို ထိခိုက်စေသည့် ဖျက်အားအပြင်းဆုံး သဘာဝဘေးအန္တရာယ်[6] ဖြစ်ပါသည်။

သို့သော် နာဂစ်မုန်တိုင်းသည် ဧရာဝတီတိုင်း တစ်ခုတည်းတွင်သာ ဖြစ်ပွားပြီး ယခုအခါ ဒေသအများအပြားကို ထိခိုက်စေသောကြောင့် ပျက်စီးမှု အတိုင်းအတာသည် ပိုမိုဆိုးရွားနိုင်ပါသည်။ ယခုနှစ်ရေကြီးနစ်မြုပ်မှုဘေးဒဏ်သည် စစ်ကောင်စီအခြေစိုက်သည့်ဌာနချုပ်နေပြည်တော် အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၌ နှစ်ပေါင်း ၈၀ ကျော် အတွင်း မကြုံစဖူး ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း အာဏာသိမ်းစစ်ကောင်စီခေါင်းဆောင်များ ကိုယ်တိုင် ဝန်ခံခဲ့ရသည်။

[6] https://burma.irrawaddy.com/opinion/editorial/2024/09/18/390691.html

မြန်မာတွင်ဖြစ်ပေါ်နေသည့် ပဋိပက္ခနှင့် သဘာဝဘေးကြောင့် စားနပ်ရိက္ခာရှားပါးသည့် ပြဿနာများ ဆက်လက်ကြုံတွေ့ရမည်ဟု ကုလသမဂ္ဂက သတိပေးထား ပြီး[7] လက်ရှိမှာလည်း ထူးခြားရာသီဥတု ဖြစ်စဉ်ကြောင့် မိုးနှောင်းကာလကုန်ခါနီးအထိ ရန်ကုန်မြို့တွင် မိုးကြီးရေကြီးပြဿနာကို ကြုံနေရဆဲဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ စစ်အာဏာရှင်များ၏ ပြုမူဆောင်ရွက်နေကြသရုပ်သဏ္ဌာန်အတိုင်း ပြည်သူအများ ရေဘေးသင့်ခြင်းနှင့် စစ်ဘေးရှောင်နေရသည့် ဒုက္ခနှစ်ထပ်ကွမ်းအချိန်မှာပင် စစ်ကောင်စီအာဏာတည်မြဲရန်[8] ရွေးကောက်ပွဲအကြောင်းပြ သန်းခေါင်စာရင်းကောက်ခံခြင်း၊ တော်လှန်ရေးတပ်ဖွဲ့များ၏ သိမ်းပိုက်နယ်မြေများအား နေ့စဉ်ရက်ဆက်ဗုံးကြဲခြင်း[9]၊ စစ်မှုထမ်းဥပဒေကို အသုံးချကာ စစ်တပ်လက်အောက်ခံများက နည်းမျိုးစုံဖြင့် စစ်သားစုဆောင်းခြင်း[10]၊ ပြည်သူအချင်းချင်းလှူဒါန်းမှုနှင့် နိုင်ငံတကာအကူအညီများအား[11] ကန့်သတ်ပိတ်ပင်ခြင်းများ[12] ဆက်တိုက် ပြုလျက်ရှိနေသည်။

မြေပြင်တွင် ပြည်သူများက ကိုယ့်အားကိုယ်ကိုးသည့်စနစ်ဖြင့်သာ သဘာဝဘေး၊ စစ်ဘေးကို ရင်ဆိုင်နေရဆဲဖြစ်သော်လည်း[13] ဆိုရှယ်မီဒီယာပလက်ဖောင်းများတွင်မူ စစ်တပ်သည်သာ "ကယ်တင်ရှင်" အဖြစ်ပုံဖော်ခြင်း၊ တော်လှန်ရေးအင်အားစုများကို ရေးဘေးတွင်မကူညီနိုင်ရန် ဖျက်ဆီးနေသူများအဖြစ် သွတ်သွင်းခြင်းနှင့် ပြည်သူအချင်းချင်းအကြား သဘောထားကွဲစေရန် ဝါဒဖြန့်ချိမှုပုံစံများစွာကို ရေးဘေးအကြောင်းပြ၍ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် The

[7] https://myanmar.un.org/my

[8] https://www.facebook.com/story.php/?story_fbid=929992929156623&id=100064377741377

[9] https://www.facebook.com/story.php/?story_fbid=908961707933242&id=100064582638283&_rdr

[10] https://myanmar-now.org/mm/news/57997/

[11] https://burma.irrawaddy.com/opinion/viewpoint/2024/09/16/390579.html


[12] https://burma.irrawaddy.com/opinion/viewpoint/2024/09/28/391143.html

[13] https://burma.irrawaddy.com/video/2024/09/16/390617.html

Red Flag အနေဖြင့် ဤဖြစ်ရပ်လေ့လာတွေ့ရှိချက်အဖြစ် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။


## ကိုယ်ထူကိုယ်ထအဖွဲ့များကိုသာ အားကိုးနေကြရ

ISP-Myanmar ၏ သုတေသနကွန်ရက်က မြို့နယ် ၁၁၀ တွင် ပြုလုပ်နေသော လေ့လာမှုများအရ ၂၀၂၄ ခုနှစ် မတ်လမှ ဩဂုတ်လအတွင်း ကြုံခဲ့ရသော သဘာဝဘေးများအတွင်း **'ပြန်လည်ထူထောင်ရေးအတွက် မည်သည့်အဖွဲ့အစည်းများက ဆောင်ရွက်ပေးနေသနည်း'**ဟု မေးမြန်းခဲ့ရာ ကိုယ်ထူကိုယ်ထအဖွဲ့များနှင့် ပရဟိတအဖွဲ့များကိုသာ မြို့နယ်အများစုတွင် အားကိုးနေကြရကြောင်း ဖြေခဲ့ကြသည်။



## ၁။ ပြည်သူအချင်းချင်းသဘောထားကွဲလွဲမှုအပေါ် အသုံးချဝါဒဖြန့်ချိမှုများ

ရေဘေးသင့်ကာလတွင် အလှူအတန်းပြုလုပ်မှုများနှင့်ပတ်သက်၍ တော်လှန်ရေး စာမျက်နှာများကလည်း ရေဘေးအလှူအတွက် ကူညီတောင်းခံခြင်းများပြုလုပ်ခဲ့သည်။ သို့သော် ထိုသို့ အလှူငွေကောက်ခံမှုတွင် ပြည်သူအချို့က လှူရန်အခက်အခဲရှိသည့်အပေါ် Social Influencer အချို့က ဝေဖန်ပြောဆိုမှုနှင့် ရှင်းလင်းဖွင့်ဆိုမှုများ ပြုလုပ်ခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့သည်။


李佳晏
စကစနယ်မြေတွေကနေ တလရအတွက်ကူဖို့ဆိုတာ အန္တရာယ်ရှိပါတယ် မကူချင်တာမဟုတ်ဘဲ မကူရဲကြတာပါ တစ်ခုခုဆိုပြေးဖို့ပြုဖို့ကလည်းမလွယ်ပါဘူး ပြီးတော့ နောက်မှာမှီခိုနေတဲ့မိသားစုတွေလည်းရှိသေးတယ်လေ ဘယ်သူမဆို ကိုယ့်မိသားစုအတွက် အရင်ကြည့်ရမှာပဲ တစ်ခုခုဆိုအပြစ်ပြောမယ် ဘလိမ်းမယ်ဆိုတာချည်းပဲ
1w Like Reply See translation 5

Author
Aung Khine Min
李佳晏 စာကိုသေချာဖတ်ပါ တလရကို တိုက်ရိုက်ကူနေတာမဟုတ်ဘူးနော် ၊
ကူလည်းမကူခိုင်းဘူး၊
ရေဘေးကိုပဲကူဖို့လုပ်တာတောင် တလရ page ကဦးစီးတဲ့ ရေဘေးအလှူ မို့လို့မလှူချင်ဘူးဆိုတာကြီးကိုထောက်ပြတာပါ။
ထားပါလေ စာရဲ့ဆိုလိုရင်းတောင်နားမလည်ပဲလာမန့်တဲ့ပုံမို့လို့ ကျနော်ထပ်မရှင်းပြတော့ပါဘူး ။
1w Like Reply See translation Edited 23

Author
Aung Khine Min
Sean Derek တလရအဖွဲ့ဦးဆောင်တဲ့ရေဘေး Project ကိုညွှန်းတာလေ၊
တလရအတွက်လနခဲယမ်းလှူခိုင်းနေလို့လား၊
ရေဘေးလှူရမှာချင်းတူတူ တလရအဖွဲ့တွေလုပ်တဲ့ ရေဘေးအလှူကို မလှူနိုင်ဘူးလို့ပြောလို့ဒီစာကိုရေးတာ၊
ငါကစကားကိုအတည်ပဲပြောတယ် တစ်ခွန်းပဲပြောတယ်။
မင်းတို့ဘာသာမြန်မာစာမတတ်ပဲဦးဦးလားလားတွေလာမမန့်နဲ့ အကုန်ဖျင်ပိတ်ဩုးပေးလိုက်မယ် စိတ်ကကြည်တာမဟုတ်ဘူး ။
1w Like Reply See translation

Author
Aung Khine Min
Sean Derek ဖျင်ကိုဆယ်ကမ္ဘာလောက်ခံလိုက်ကွာ ၊
ငါ့တို့အတွေးကိုငါတို့ဘာသာရေးတာ ရေးထားတာလည်းအလွန်ရှင်းတယ်၊
မင်းတို့ဘာသာထိသွားလို့ဖျင်နာပြီးလာမန့်ကြတာ မင်းတို့လိုဖျင်/နာအာချောင်မအေဩုးတွေကိုငါလုပ်ပေးနိုင်တာတော့ဆဲပေးတာနဲ့ရိုပေးတာပါပဲ ဒိုးစမ်း😆
1w Like Reply See translation Edited


Phyo Pyie Sone Hein
သူပြောတာက မင်းတို့လက်နက်ဖိုးမလှူချင်တောင်ဖြစ်တယ် ရေဘေးက စစ်ဖြစ်နေတဲ့နယ်တွေမှာလဲဖြစ်နေတာပဲ အဲ့ဘက်နယ်ကလူတွေကို တော်ရုံဘသူမှလုပ်မပေးဘူး အဲ့ဘက်နယ်တော်လှန်ရေးလုပ်နေတဲ့လူတွေကပဲ လိုက်ကူပေးနေရတာ အဲ့တာကြောင့် သူကလဲတော်လှန်ရေးသမားမလို့ သူ့လာမေးရင် အဲ့လို အကူညီမရတဲ့ စစ်ဘေးရေဘေးနယ်ဘက်တွေကို လမ်းညွှန်တာကွာ အဲ့တာကိုဟိုက အဲ့တော်လှန်ရေးနဲ့ပက်သက်နေတဲ့လူတွေအလှူခံရင်မလှူချင်ဘူးပြောလို့ ခုလိုစာတင်တာ
အဲ့တာကိုမင်းတို့စောက်ဦးနှောက်က မလည်ကြပဲ မအေလိုးတွေ
စောက်ကြီးစောက်
ကျယ်တွေလာပြောနေကြတယ်
1w Like Reply See translation 36

Author
Aung Khine Min
Phyo Pyie Sone Hein အေးဗျာ မြန်မာလိုပဲရေးထားတာပါကျနော်လည်း 🥲
1w Like Reply See translation 6

ရေဘေးလှူဒါန်းမှုနှင့် ထောက်ပို့လုပ်ငန်းစဉ် အပေါ်အငြင်းပွားခဲ့သည့် မှတ်ချက်ပြုမှုများ

စစ်ကောင်စီထိန်းချုပ်နယ်မြေအတွင်းရှိ ပြည်သူများအနေဖြင့် တော်လှန်ရေးအကောင့်များ Page များကို လှူဒါန်းရန်အတွက် လုံခြုံရေးအရ အခက်အခဲရှိကြောင်း တုန့်ပြန်မှုများ ရှိခဲ့သည်။ ထိုသို့အကြောက်တရား ကိန်းအောင်းစေရန်အတွက် စစ်ကောင်စီဘက် ယိမ်းသည့်


Telegram Channel များက စောင့်ကြည့်ဖမ်းဆီးလှုံ့ဆော်မှုကမ်ပိန်း (Doxing Campaign) များကို စစ်အာဏာသိမ်းရန် ကြိုးပမ်းကြံစည်မှုနောက်ပိုင်းကတည်းက ပြုလုပ်ခဲ့သကဲ့သို့ အမှန်တစ်ကယ်ဖမ်းဆီးမှုများလည်း ပြုလုပ်ခဲ့သည်။



ရေဘေးကူညီကယ်ဆယ်ရေးပြုလုပ်နေသူများအား ခြိမ်းခြောက်ပြောဆိုမှု


## ၂။ အနုပညာရှင်များ၏ပုံရိပ်ကိုအသုံးချမှု

NLD ပါတီ ထောက်ခံခဲ့သည့် အနုပညာရှင်များနှင့် ခံဝန်ဖြင့်ပြန်လွတ်လာသည့် အနုပညာရှင်များ အနေဖြင့် ၂၀၂၄ ရေဘေးတွင် မလှူရသေးကြောင်း ပြည်သူများက ဝေဖန်နေသကဲ့သို့ ဖန်တီးသည်။ ထိုနောက် ဝေဖန်ခံရမှသာ ၎င်းအနုပညာရှင်များက အလှူအတန်းပြုလုပ်လာကြောင်းနှင့် တော်လှန်ရေးထောက်ခံသူများနှင့် အနုပညာရှင်၊ ပြည်သူအချင်းချင်းကြား တွင် သွေးခွဲဖြန့်ချိသည့် ပုံစံကို အသုံးပြုခဲ့သည်။




အနုပညာရှင်များ၏ပုံရိပ်ကိုအသုံးချမှုနှင့် ရေဘေးလှူဒါန်းမှု၊ ထောက်ပို့လုပ်ငန်းစဉ် အကြားအငြင်းပွားခဲ့သည့် ရေးသားမှုများ









အနုပညာရှင်များ၏ပုံရိပ်ကိုအသုံးချမှု

## ၃။ တော်လှန်ရေးအင်အားစုများက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းကို အနှောင့်အယှက်ပေးသည် ဟု ဖြန့်ဝေမှု


စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေးစာမျက်နှာများတွင်မူ ၎င်းတို့သည်ရေဘေးကူညီရေးလုပ်ငန်းများလုပ်ဆောင်နေကြပြီး PDF များနှင့်လက်နက်ကိုင်အဖွဲ့များက စစ်ကောင်စီတပ်သားများကို ချောင်းမြောင်းပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်းနှင့် ရေဘေးအလှူအတန်းလုပ်ငန်းစဥ်များတွင် PDF များက ခြိမ်းခြောက်ပြီး ပစ္စည်းများကို လုယူခြင်း ဆက်ကြေးကောက်ခြင်းများပြုလုပ်ကြောင်းစသည်ဖြင့် လုပ်ကြံဖန်တီးဖြန့်ဝေခဲ့သည်။




ရေဘေးကယ်ဆယ်ရေးကို PDF များတိုက်ခိုက်နေသည်ဟု စွပ်စွဲပြောဆိုချက်များ


ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင် ရေဘေးသင့်နေသည့် မိဘနှစ်ပါးအားလာရောက်ကယ်ဆယ်သည့် ဒေသခံလူငယ်ကို PDF များက ဖမ်းဆီးသတ်ဖြတ်ဟု ခေါင်းစဉ်တပ်ပြီး ကြည်လင်ပြတ်သားမှုမရှိသည့် ပုံအဟောင်းတစ်ပုံကို အသုံးပြုကာ ရေဘေးအလှူကို အကြောင်းပြု၍ တော်လှန်ရေးအင်အားစုများက အကြမ်းဖက်သတ်ဖြတ်မှုများ ကျူးလွန်သကဲ့သို့ စစ်ကောင်စီထောက်ခံသည့် Channel များက ဖြန့်ဝေခဲ့သည်။




ရေဘေးကာလတွင် တော်လှန်ရေးအင်အားစုများသည် ပြည်သူများကို အကြမ်းဖက်ခဲ့ကြောင်း

စစ်တပ်ထောက်ခံသူများက စွပ်စွဲမှု

## ၄။ ရေဘေးကူညီရေး အကြောင်းပြ၍ တိုက်ပွဲဖော်ဆောင်ရန် တော်လှန်သူများက ပြုလုပ်သည်ဟု ဖြန့်ဝေမှု


🛡⚔ Fighter🛡⚔
တာဝန်ရှိသူများ သိရှိနိုင်ပါရန်
====================

NLD လက်ထက်
ကိုဗစ်ဖြစ်တော့ ကိုဗစ်ကို အကြောင်းပြပြီး
NLD တွေ လက်နက်များစွာ သယ်ခဲ့ကြတာ
အားလုံးသိသလို တာဝန်ရှိသူတွေပိုအသိဆုံးပါ။
တစ်ချို့ဆို ပရဟိတနာမည်ခံပြီး
ကူညီအားပေးခဲ့ကြပါတယ်

ခုလည်း
ရေဘေး အကြောင်းပြုပြီး
NUG /PDF တွေ လှုပ်ရှားနေကြကြောင်း
သတင်းတွေ ကြားနေရပါတယ်။

ရေဘေးကို လှူနေကြတဲ့အလှူရှင်တွေ၊
ရိုးသားဖြူစင်စွာလုပ်ကိုင်နေကြတဲ့
အဖြူထည်ပရိဟိတသမားတွေကို
စော်ကားခြင်းမဟုတ်ပါ။

ရေဘေးအလှူဆိုတာကို ခေါင်းစဥ်တပ်
ပရဟိတကို အသုံးချပြီး မဟုတ်တာလုပ်နေတဲ့လူတွေလည်းရှိပါတယ်။

အခုကြားနေရတဲ့သတင်းက
မှန်/မမှန် တော့ မသိပါဘူး
ကြားနေရတာက...

လက်နက်တွေ
ရောဝတီမြစ်ကြောင်းကနေ
တံတားဦးအနောက်ဖက်ကရွာတွေကို
စက်လှေတွေနဲ့ဝင်ကြတယ်တဲ့
အဲ့ကနေမှတစ်ဆင့် ရေဘေးအလှူဆိုတဲ့
ကားတွေနဲ့ သယ်နေကြတယ်တဲ့။
အပေါ်က စားစရာနဲ့အဝတ်ထုတ်တွေ
ဖုံးထားပြီး လက်နက်တွေသယ်နေကြတယ်တဲ့။အဖွဲ့အစည်းလိုက်
လူအင်အား၊ကားအင်အားတွေသုံးပြီး တံတားဦးကနေ
နေပြည်တော်ကို သယ်နေကြတယ်လို့
ကြားရတယ်တဲ့

ရေဘေးအလှူဆိုတဲ့အထုတ်တွေက
တစ်ခါထွက်လည်းဒီအထုတ်တွေ
နောက်ခါထွက်လည်းဒီအထုတ်တွေ
ပေးခဲ့လှူခဲ့တာလည်း မရှိဘူးတဲ့
လျော့လည်းမလျော့ဘူး ဒီအတိုင်းပဲတဲ့

ရွာကပျောက်နေတာကြာနေပြီဖြစ်တဲ့
လူငယ်တွေအုပ်စုလိုက်
အခု ပြန်ရောက်လာကြတယ်
ရေဘေးကယ်ဆယ်ရေးဆိုပြီး
ပုံမှားရိုက်နေကြတယ်တဲ့

တံတားဦးအနောက်ဖက်
သူငယ်တော်နဲ့ကူးတို့ဆိပ်ခေါင်းကွဲရွာတွေမှာအခြေပြုလှုပ်ရှား
နေကြတယ် တဲ့
တံတားဦးနယ်ထဲကပဲ
တောင်းပြုံးရွာ ဆိုတာရှိတယ်တဲ့
အဲ့တောင်းပြုံးရွာမှာ PDF အကြီးပိုင်းက
အခြေပြုပြီး ကြိုးကိုင်နေတယ် တဲ့

ဒါ ကြားသိရသလောက် သတင်းပါ

ဒီသတင်းမှန်/မှားသည် မဆိုလိုပါ
ဒီအချိန်က ရေဘေးကိုအကြောင်းပြပြီး
လှုပ်ရှားမှုအကောင်းဆုံးအချိန်ကို အသုံးချနေကြတာလည်း ဖြစ်နိုင်ပါတယ်

NLD လက်ထက်ကလည်း
ကိုဗစ်ကိုခုတုံးလုပ်ပြီး လက်နက်တွေ
သွင်းခဲ့ကြတာမို့ အခုလည်း
တာဝန်ရှိသူတွေ အနေနဲ့ သတိထားသင့်ပါတယ်။


တာဝန်ရှိသူတွေအတွက်
အခက်အခဲဖြစ်စေတဲ့
ရေဘေးလာလှူတာကိုကွာ
ရှာတယ်၊စစ်တယ်
ရစ်တယ်ဆိုတဲ့ အနေအထားဖြစ်အောင်
ရေဘေးလာလှူတာဆိုတော့
တော်တန်မစစ်တော့ဘူးလေ
စစ်ဆေးပြန်လည်း ရစ်တယ်ဖြစ်မယ်
ဒီအကွက်ကို အကောင်းဆုံးအသုံးချနေတာပါ။

ရေဘေးအလှူကို အကြောင်းပြပြီး
မဟုတ်တာလုပ်နေကြတာကတော့
သေချာပါတယ်။

ဒီလိုရေးတာ
အဖြူထည်ပရဟိတအဖွဲ့အစည်းတွေ
ရိုးသားတဲ့ပရဟိတ သမားတွေနဲ့
စေတနာရှင်အလှူရှင်တွေကို စော်ကားခြင်းမဟုတ်ပါ။

အကြမ်းဖက်သမားတွေဟာ
ပရဟိတနာမည်ခံ ပရဟိတအယောင်ဆောင်
ပရဟိတကို ခုတုံးလုပ်နေကြလို့ပါ။

ဒီအချိန်က
ရေဘေးဖြစ်နေတဲ့နေပြည်တော်ထဲ
ရေဘေးကို အကြောင်းပြပြီး
လက်နက်သွင်းဖို့
အကောင်းဆုံးအချိန်ဖြစ်နေပါတယ်။
#Kp
t.me/fightermedia2024/984 26.7K edited Oct 3 at 13:06


ဘညွန့်
လက်ရှိရေဘေးအခင်းအကျင်းမှာ
အနီကြောင်တွေက
အလှူခံငွေစုအဝတ်အစားတွေစုနေကြတာကိုမြင်နေရတော့
သံသယဖြစ်မိနေတယ်

နယ်ခံပရဟိတအဖွဲ့တွေနဲ့ချိတ်ဆက်လှူတာမျိုးလဲမတွေ့ရပဲသူတို့
ဟာသူတို့သီခြားလုပ်ကိုင်နေကြတာတွေရှိနေတယ်

သူတို့ဖက်ကမီဒီညာတွေကလဲ
PDFကြီးစိုးတဲ့ရွာတွေရေကြီးရေ
ဘေးသင့်နေပြီလို့
သတင်းမှားတွေဖြန့်နေကြတာဟာအကြောင်းမယ့်မဖြစ်နိုင်ပါဖူး


ထိုရွာတွေဆီကိုပရဟိတအကြောင်းပြုပြီးလူသူ၊လက်နက်၊ရိက္ခာ
ဖြည့်ဆည်းပေးဖို့လုပ်နေကြတာဖြစ်နိုင်တယ်
ထိုကားများနဲ့အတူ PDFတွေကရောပြီးမြို့ပြထဲဝင်လာနိုင်ပါ
တယ်

မီဒီညာတွေကလှုံ့ဆော်တဲ့ရွာတွေဆီကိုသွားကြမယ်ဆိုရင်
အင်တာနက်ကွန်ယက်နဲ့ချိတ်ဆက်သွားတဲ့အနီကြောင်တွေ
အတွက်ပြဿနာမဖြစ်နိုင်ပေမယ့်

ဘုမသိဘမသိပြည်သူတွေက
ရောယောင်ပြီးသွားလှူမိရင်
ပစ္စည်းလုရုံသာမက လူသတ်ပြီးကားတွေပါအသိမ်းခံရနိုင်တယ်
👇👇👇👇👇👇👇
စမုံဆည်ကျိုး၍ ရွာပေါင်း ၂၀ ကျော် အပျက်အစီးများပြီး လူ
သောင်းနှင့်ချီ အကူအညီလိုအပ်နေကြောင်း မဟုတ်မမှန်သတင်း
များရေးသားဖြန့်ဝေလျက်ရှိ
မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်တွင် စမုံဆည်ကျိုး
ကျ၍ ဆည်အောက်ဘက်ရှိ ကျေးရွာပေါင်း ၂၀ ကျော်ရေဘေး
သင့်ခဲ့ရပြီး ရေပြန်ကျချိန်တွင် အပျက်အစီးများသည့်အတွက်
အကူအညီလိုအပ်နေသည်ဟု သတင်းအတု၊ သတင်းအမှားများ
ရေးသားထုတ်ဝေလျက်ရှိကြောင်း သိရသည်။
အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဆည်မြောင်း
ဦးစီးဌာနအနေဖြင့် ယင်းကဲ့သို့ ဆည်ရေကျိုးဖောက်ခြင်းမရှိ
ကြောင်း၊ ဆည်ရေများပြည့်လျှံ၍ ဖောက်ချရမည့်အခြေအနေ
ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့တင်ပြပြီး အသိပေးကြေညာချက်
ထုတ်ပြန်ကာ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ပြောင်းရွှေ့
ပြီးမှသာ ပြုလုပ်ရကြောင်း၊ ထို့အပြင် ရေဘေးသင့်ပြည်သူများ
ကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး
အသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များက ရေဘေးသင့်နေ
ရာများသို့ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်နေရာချထား
ရေးလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းကို ၎င်း
မြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိရပြီး
တရားမဝင်ပြည်ဖျက်မီဒီယာများက မီဒီယာကျင့်ဝတ်များအား
ချိုးဖောက်၍ ပြည်သူလူထုစိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် လုပ်ကြံ
ရေးသားထားသည့် သတင်းအမှားကို ဖြန့်ဝေနေခြင်းဖြစ်ကြောင်း
သိရှိရသည်။
t.me/BABANYUNT6/14985 14.2K Sep 19 at 12:29

ရေဘေးကာလတွင် တော်လှန်ရေးအင်အားစုများသည် တိုက်ပွဲဖော်ဆောင်ရန်ပြင်ဆင်နေကြောင်း စစ်တပ်ထောက်ခံသူများ၏ ဖြန့်ဝေမှု

## ၅။ တိုင်းရင်းသားတော်လှန်ရေးတပ်များအား "အပြစ်သားအဖြစ်ပုံဖော်ခြင်း"




ကရင်ပြည်နယ် မဲဝိုင်ရွာတွင် ရေးကြီးနေကြောင်း ကယ်ဆယ်ပေးရန် ပြည်သူများမှ ဆက်သွယ်လာသည့်အတွက် တပ်မတော်သားများ ကယ်ဆယ်ရေးသွားစဥ် အကြမ်းဖက် KNU အဖွဲ့မှ စနိုက်ပါဖြင့် ချောင်းမြောင်းပစ်ခတ်သည့်အတွက်
စစ်သည် ၂ ဦး ကျဆုံးသွား။


လည်ပင်းလောက်ထိမြုပ်နေတဲ့ ရေထဲမှာ ခေါင်းပဲပေါ်နေပြီး ကယ်ဆယ်ရေးလုပ်နေတဲ့ စစ်သည် ၂ ဦးကို စနိုက်ပါနဲ့ ချောင်းပစ်တာ ဘယ်လောက်မိုက်ရိုင်းလိုက်သလဲ။

မဲဝိုင်ရွာကပြည်သူတွေ ယခုဘေးကင်းသွားပါပြီ။

မဲဝိုင်ရွာသားတွေကတော့ စစ်သည် ၂ ဦးရဲ့ အလောင်းကို ပြန်ရှာပေမယ့် ခုချိန်ထိ မတွေ့သေးပါ။

မဲဝိုင်ရွာသားတွေရဲ့ ငိုကြွေးသံတွေကို စစ်သည် ၂ ဦး ကြားလောက်မယ် ထင်ပါရဲ့။

မှိုင်းဝေ
t.me/hminewai/58779 46.1K Sep 12 at 14:19




Min Chit Oo


နပတမှာ အမှန်တကယ်ဖြစ်နေတာက
လူတွေလိုက်ကယ်မယ့်စက်လှေပြဿနာ

AA သာ သံတွဲမတိုက်ခဲ့ရင်
ဒီအချိန် ရေငုပ်ကယ်ဆယ်ရေးတပ်က ရေတပ်သားတွေ စက်လှေတွေ သံတွဲလေဆိပ်က အမြန်ပို့ပြီး နစ်နာရီအတွင်း သွားကယ်လို့ရတယ်

တပ်ကတာဝန်ရှိသူတွေက ဒီအတိုင်းတော့နေမှာမဟုတ်ဘူး ခုချိန်ရေဘူးပေါက်တာမလိုချင်ဘူး ရေပါတာပဲလိုချင်တယ်ဆိုတဲ့ တပ်ရဲ့မဖြစ်ဖြစ်အောင်လုပ်တတ်တဲ့စိတ်ဓာတ်ကြောင့် စက်လှေတွေ မရရအောင်တင်ပြီး ကယ်ဆယ်ရေးလုပ်မှာပါ
t.me/minchitoo989989/38612 5.3K Sep 12 at 09:38

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကြောင့် ရေဘေးကယ်ဆယ်ရေး မထိရောက်ကြောင်း ဖြန့်ဝေမှု








ရခိုင်ပြည်နယ်ရေဘေးကာလအတွင်း AA သည်ကူညီကယ်ဆယ်ရေးပြုလုပ်ပေးခြင်းမရှိကြောင်း


စစ်တပ်ထောက်ခံသူများဘက်က ဝါဒဖြန့်ချိမှု

## ၆။ စစ်တပ်သည်သာ ထာဝရ ကယ်တင်ရှင်အဖြစ် ပုံဖော်ဖြန့်ချိမှု

မြန်မာနိုင်ငံတွင် ကြုံတွေ့ရသည့် သဘာဝကယ်ဆယ်ရေးဖြစ်စဉ်များသာမက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ကာကွယ်ရေးနှင့် နိုင်ငံရေးဖြစ်စဉ်များအားလုံးတွင် စစ်တပ်သည်သာ တစ်ခုတည်းသော "ထာဝရ ကယ်တင်ရှင်" အဖြစ်ဝါဒဖြန့်ချိခြင်းများကို မည်သည့်အကြောင်းအရာနှင့် မဆိုချိတ်ဆက်၍ ယင်းဝါဒဖြန့်ချိမှုပုံစံများအား ပြုလုပ်လေ့ရှိပါသည်။



စစ်ကောင်စီတပ်အား ကယ်တင်ရှင်အဖြစ်ပုံဖော်မှု


Nay Zin Latt

.

☯

မြန်မာ့ရေဘေး

- နိုင်ငံတကာအကူ $ 111 mil
- ပြည်တွင်းအကူ (၃၁) ဘီလီယံကျပ်

- အရင်လက်ထက် ရေဘေးအကူ (၁၇) ဘီကျပ်

နှိုင်းယှဉ်နိုင်ကြဖို့သာပါ ။

.

t.me/nayzinlatt2023/6891 43.1K edited Sep 22 at 13:04


Ko Thet



ကျုပ်သိတဲ့ ကျည်တောင်ကန်


ကျည်တောင်ကန်ဆိုတာ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ထဲက ရွာလေး တစ်ရွာပေါ့။ အကြမ်းဖက် NUG အဖွဲ့က ရည်မွန် ဆိုသူရဲ့ ရွာ။ ပြောရရင်တော့ အဲ့ရွာဟာ အကြမ်းဖက်အားပေး/ လူသတ်အားပေး နီပိတ်ရွာ ဆိုရင်လည်း မမှားပါဘူး။ ရည်မွန် အဖမ်းမခံရအောင်၊ လွတ်အောင် လုပ်ပေးခဲ့တာလည်း ကျည်တောင်ကန်ပါပဲ။
-
ရေဘေးဖြစ်တော့ ကျည်တောင်ကန်ရွာလည်း ရေမြုပ်တာပေါ့။ စစ်တပ်နဲ့ ပရဟိတ ကယ်ဆယ်ရေးအဖွဲ့တွေ၊ USDP ပါတီဥက္ကဋ္ဌ ဦးခင်ရီ တို့တောင် သွားပြီး ကယ်ဆယ်ကူညီခဲ့ကြပါတယ်။
-
သူတို့မှာ ဘာနိုင်ငံရေး အရောင်အသွေးမှ မရှိဘူး။ စိမ်းစိမ်း/နီနီ အားလုံးဟာ ပြည်သူပဲဆိုတဲ့ စိတ်ထားနဲ့ အကုန်လုံးကို တတ်နိုင်သလောက်ကယ်ဆယ်တယ်ဆိုတာ ကျည်တောင်ကန်ရွာသားတွေ သဘောပေါက်သင့် တယ်။
-
ခင်ဗျားတို့ရဲ့ ရည်မွန်ကြီးကတော့ စည်းစိမ်ရစ်မူးပြီး အရက်သောက်မပျက် ပြုံးပျော်လျက်ပါပဲ။ အဲ .. ဒါပေမယ့် သူ့မှာ စိုးရိမ်စိတ်တစ်ခုရှိတယ်။ အဲဒါက ကျည်တောင်ကန်ရွာထဲက သူ့အိမ် ရေထဲမျောပါသွား မှာကိုပါပဲ။
-
**(အခုလောဆို .. မျော သွားပြီလား မသိ)**


t.me/kothetjournalist9000/71559 26.9K Sep 14 at 16:20

စစ်ကောင်စီတပ်နှင့် ၎င်းတို့ဘက်ယိမ်းသူများအား ကယ်တင်ရှင်အဖြစ်ပုံဖော်မှု

## ၇။ တော်လှန်သူများကြောင့် အကုသိုလ်အကျိုးပေးသည့် ရေဘေးအဖြစ်ပုံဖော်မှု

အာဏာသိမ်းစစ်ကောင်စီ၏ ကြိုတင်သတင်းထုတ်ပြန်မှုမရှိခြင်း၊ ကယ်ဆယ်နိုင်မှုမရှိခြင်း၊ စီမံခန့်ခွဲမှုအလွဲများအားဖုံးကွယ်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သည့် မြန်မာလူမျိုးများ၏ စိတ်နေစိတ်ထားအား အသုံးချ၍ အကုသိုလ်များခဲ့ခြင်းကြောင့်သာ ရေဘေးကြုံရကြောင်း ပုံဖော်ဖြန့်ချိခဲ့သည်။




စစ်အာဏာရှင်ဆန့်ကျင်သူများ၏အပြုအမူများကြောင့် သဘာဝတရားကဒဏ်ခတ်ခြင်းဖြစ်ကြောင်းဖြန့်ဝေမှု

## လေ့လာတွေ့ရှိချက်

အထက်ပါ ဖြစ်ရပ်လေ့လာတွေ့ရှိချက်များအရ သဘာဝဘေးကို အသုံးချ၍ စစ်ကောင်စီ အသုံးပြုခဲ့သည့် ဝါဒဖြန့်ချိမှုပုံစံ၊ သတင်းတု၊ သတင်းမှား ပုံစံများစွာကို တစ်စုတည်း မြင်တွေ့ရမည်ဖြစ်ပါသည်။

စစ်ကောင်စီသည် ရေဘေးကို ကူညီနေသည်ဟု ၎င်းတို့ဝါဒဖြန့် Channel များတွင်၊ ဆိုရှယ်မီဒီယာပလက်ဖောင်းများတွင် ဝေဝေဆာဆာဖော်ပြခဲ့ကြသော်လည်း လက်တွေ့ကူညီကယ်ဆယ်ရေး လုပ်ဆောင်နေမှုများ အနည်းအကျဉ်းသာရှိခဲ့ခြင်း၊ အချို့နေရာများတွင် ရေဘေးအတွက် လှူဒါန်းမှုပြုလုပ်ခြင်းများအား စစ်ကောင်စီက တားဆီးပိတ်ပင်မှုခြင်း၊ အကြမ်းဖက်မှုများ ဆက်တိုက်ကျူးလွန်နေလျက်ရှိကြောင်း သတင်းတင်ဆက်မှုများတွင်သာမက ၎င်းတို့ဝါဒဖြန့်ချိမှုယန္တရား၏ ရှေ့နောက်မညီသော ကွဲလွဲဖြန့်ချိမှုများတွင်လည်း တွေ့ရှိနိုင်ပါသည်။

သိသာထင်ရှားသည့် ဥပမာမှာ အိမ်နီးချင်းထိုင်းနိုင်ငံက ရေဘေးသင့် ထိုင်းပြည်သူများအတွက်သာမက နယ်မြေချင်းထိစပ်နေသည့် ရေဘေးသင့်မြန်မာပြည်သူများအတွက် ရဟတ်ယာဉ်ဖြင့် အစားအသောက်များ ထောက်ပံ့နေချိန်တွင် စစ်ကောင်စီသည် လေယာဉ်များကို ပြည်သူများအား ဗုံးကြဲရန်အတွက်သာ အသုံးပြုခဲ့သည်။

မုန်တိုင်းဒဏ် တိုက်ရိုက်ခံခဲ့ရသည့် အိမ်နီးချင်းနိုင်ငံထက် အဖျားခတ်ခြင်းခံရသည့် မြန်မာနိုင်ငံက ပြည်သူများစွာပိုမိုသေကြေခြင်း၊ အိုးအိမ်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ခြင်းသည် အာဏာသိမ်းစစ်တပ်၏ သဘာဝဘေးစီမံခန့်ခွဲမှု အရည်အချင်းရလာဒ်ပင် ဖြစ်ပါသည်။

သို့သော် တော်လှန်ရေးခရီးကြာရှည်လာသည်နှင့်အမျှ စစ်ပန်းလာသည့် တော်လှန်ရေးအင်အားစုများ၊ တော်လှန်ရေးထောက်ပို့များက ရေဘေးကူညီသည့်သူ ပြည်သူများအား

"တော်လှန်ရေးကိုသာ ရေဘေးကဲ့သို့ကူပါက တော်လှန်ရေးအောင်မြင်ပြီးမြောက်ပြီ" ဟု မချိတင်ကဲ ပြစ်တင်ဝေဖန်မှုများ ဖြစ်ပေါ် ခဲ့သည်။

ယင်းကဲ့သို့ အတွေးအခေါ်ကွဲပြားမှုပေါ်လာသည်နှင့် အာဏာသိမ်းစစ်ကောင်စီနှင့် ၎င်း ထောက်ခံ ဆိုရှယ်မီဒီယာပလက်ဖောင်းမျိုးစုံက Social Influencer များ၊ အနုပညာရှင်များကို အသုံးပြု၍ ပြည်သူအချင်းချင်းအကြား သွေးကွဲစေရန် "စစ်ရေးမလှူ၊ ရေဘေးကူ" ဆိုသည့် သွေးခွဲဖြန့်ချိမှုကို အချိန်ကိုက် ပြုလုပ်ခဲ့သည်။

ပြည်သူအချင်းချင်းကြားတွင် အမုန်းပင်ကွဲပြားမှုများဖြစ်ခဲ့ကြောင်း The Red Flag အနေဖြင့် လူမှုကွန်ရက်မီဒီယာများအား စောင့်ကြည့်လေ့လာမှုအရ တွေ့ရှိခဲ့ပါသည်။

စစ်ကောင်စီသည် ၂၀၂၄ မိုးရာသီကာလတွင် ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးတွင် မြေပြင်၌ ပြည်သူများကို နိုင်ငံတော်အဆင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း ဆိုရှယ်မီဒီယာတွင် ရေဘေးနှင့် ပတ်သက်၍ ပြည်သူများ ကွဲပြားခဲ့သည့်အမြင်ကို အခြေခံ၍ သွေးခွဲသည့်ဝါဒဖြန့်ချိမှုအား အမြတ်ထုတ်ခဲ့ သည်ကို တွေ့ရပါသည်။

ပြည်သူများ စစ်ဘေးနှင့် ရေဘေး ဒုက္ခနှစ်ထပ်ကွမ်းနေချိန်တွင် အာဏာသိမ်း စစ်ကောင်စီ သည် ပြည်သူ့ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးထက် ၎င်းတို့၏ အာဏာတည်မြဲ ရေး၊ နယ်မြေစိုးမိုးရေးကိုသာ အားစိုက်၍အဓိကဦးတည်လုပ်ဆောင်နေလျက်ရှိကြောင်းသာ တွေ့ရှိရပါသည်။ ယင်းမှာ သဘာဝဘေးဒဏ်ကိုခံနေရသည့်ပြည်သူများအား လျစ်လျူရှုခြင်း ဖြင့် ရာဇဝတ်မှုများ ထပ်မံကျူးလွန်နေခြင်းသာ ဖြစ်သည်။ မြန်မာပြည်သူများ ခုခံတော်လှန် ရေးကို မည်မျှ ခံနိုင်ရည်ရှိသည်ကို စမ်းသပ်ချက်၊ သွန်သင်ချက် တစ်ရပ်လည်း ဖြစ်သည်။

**စောင့်ကြည့်လေ့လာခဲ့သည့် သတင်းတု၊ သတင်းမှား၊ ဝါဒဖြန့်ချိသည့် အကြောင်းအရာများ**

| စဉ် | သတင်းတု/သတင်းမှား လင့်များ | ဖြန့်ချိသည့် အကြောင်းအရာ |
|---|---|---|
| ၁ | https://t.me/BABANYUNT6/14854 | ရေတာရှည်မြို့နယ်တွင် ရေဘေးသင့်နေသည့် မိဘနှစ်ပါးအား လာရောက်ကယ်ဆယ်သည့် ဒေသခံလူငယ်ကို PDF က ဖမ်းဆီးသတ်ဖြတ်ဟု ဓာတ်ပုံတစ်ပုံကို အသုံးပြုကာ ဖြန့်ဝေ |
| ၂ | https://t.me/kothetjournalist9000/71619 | ရေဘေးကယ်ဆယ်ရေးတွင် PDFများကို အပြစ်သား အဖြစ် ပုံဖော် |
| ၃ | https://t.me/kyawswar49111/16189 | ရေဘေးကယ်ဆယ်ရေးတွင် PDFများကို အပြစ်သား အဖြစ် ပုံဖော် |
| ၄ | https://t.me/MDYimage413/41452 | ရေဘေးကယ်ဆယ်ရေးတွင် PDFများကို အပြစ်သား အဖြစ် ပုံဖော် |
| ၅ | https://t.me/minchitoo989989/38556 | ရေဘေးကယ်ဆယ်ရေးတွင် PDFများကို အပြစ်သား အဖြစ် ပုံဖော် |
| ၆ | https://t.me/kothetjournalist9000/72009 | ရေဘေးကယ်ဆယ်ရေးတွင် PDFများကို အပြစ်သား အဖြစ် ပုံဖော် |

| | | |
|---|---|---|
| ၇ | https://t.me/peoplemedianews/63667 | ရွေးကောက်ပွဲရလဒ်များနှင့်ပတ်သက်၍ PDFမျှဝေခြင်း၊ ကျွန်ုပ်တို့အနေဖြင့် ပုံဖော် |
| ၈ | https://t.me/hminewai/58779 | တိုင်းရင်းသားတပ်မတော်များကို အပြစ်သားအဖြစ် ပုံဖော် |
| ၉ | https://t.me/shwenaykyar/74102 | တိုင်းရင်းသားတပ်မတော်များကို အပြစ်သားအဖြစ် ပုံဖော် |
| ၁၀ | https://t.me/KKM28640/6724 | တိုင်းရင်းသားတပ်မတော်များကို အပြစ်သားအဖြစ် ပုံဖော် |
| ၁၁ | https://t.me/kothetjournalist9000/71382 | ရွေးကောက်ပွဲရေးကို ချောင်းမြောင်းပစ်ခတ် |
| ၁၂ | https://t.me/kothetjournalist9000/71381 | နေပြည်တော်အသေအပျောက်များပါစေ |
| ၁၃ | https://t.me/snowqueen023/73026 | NLD ပါတီ ထောက်ခံခဲ့သည့် အနုပညာရှင်များနှင့် ခံဝန်ဖြင့်ပြန်လွတ်လာသည့် အနုပညာရှင်များ အနေဖြင့် ၂၀၂၄ ရွေးကောက်ပွဲတွင် မလှုပ်ရှားရသေးကြောင်း ဝေဖန် |
| ၁၄ | https://t.me/BABANYUNT6/14815 | ထိုသို့ဝေဖန်မှုကြောင့် ၎င်းအနုပညာရှင်များက အလှူ အတန်း ပြုလုပ် လာခဲ့သည့်ပုံစံ ဖြန့်ဝေ |

| | | |
|---|---|---|
| ၁၅ | https://t.me/nipaw/4068 | ထိုသို့ဝေဖန်မှုကြောင့် ၎င်းအနုပညာရှင်များက အလှူ အတန်း ပြုလုပ် လာခဲ့သည့်ပုံစံ ဖြန့်ဝေ |
| ၁၆ | https://t.me/BABANYUNT6/14766 | ထိုသို့ဝေဖန်မှုကြောင့် ၎င်းအနုပညာရှင်များက အလှူ အတန်းပြုလုပ် လာခဲ့သည့်ပုံစံ ဖြန့်ဝေ |
| ၁၇ | https://t.me/BABANYUNT6/14766 | အနုပညာရှင်များ၏ပုံရိပ်ကိုအသုံးချမှု |
| ၁၈ | https://t.me/kothetjournalist9000/71704 | အနုပညာရှင်များ၏ပုံရိပ်ကိုအသုံးချမှု |
| ၁၉ | https://t.me/karnalchitkaung/6372 | အကုသိုလ်များ၍ ရေဘေးကြုံရ |
| ၂၀ | https://t.me/hminewai/59049 | အကုသိုလ်များ၍ ရေဘေးကြုံရ |
| ၂၁ | https://t.me/hminewai/58788 | အကုသိုလ်များ၍ ရေဘေးကြုံရ |
| ၂၂ | https://t.me/hminewai/58877 | အကုသိုလ်များ၍ ရေဘေးကြုံရ |
| ၂၃ | https://t.me/KKM28640/6830 | အကုသိုလ်များ၍ ရေဘေးကြုံရ |
| ၂၄ | https://t.me/suemedia/68175 | ရေလွှတ်ရာအမြင့်ပိုင်းတွင် တည်ထားကိုးကွယ်သည့် စေတီများနှင့် ဘုန်းကြီးကျောင်းများကြောင့် ပြည်သူများ ရေဘေးကာလတွင် အသက်ရှင်ခိုလှုံခွင့်ရကြသည်ဟုဆို |

| | | |
|---|---|---|
| ၂၅ | https://t.me/kothetjournalist9000/71421 | ရခိုင်ရေဘေးမကူညီရ |
| ၂၆ | https://t.me/abc_news_mm/11 | ရခိုင်ရေဘေးမကူညီရ |
| ၂၇ | https://t.me/kothetjournalist9000/72248 | ရခိုင်ရေဘေးမကူညီရ |
| ၂၈ | https://t.me/BABANYUNT6/14776 | ရခိုင်ရေဘေးမကူညီရ |
| ၂၉ | https://t.me/kothetjournalist9000/73293 | ရခိုင်ရေဘေးမကူညီရ |
| ၃၀ | https://t.me/hminewai/59380 | ရခိုင်ရေဘေးမကူညီရ |
| ၃၁ | https://t.me/minchitoo989989/39486 | ရခိုင်ရေဘေးမကူညီရ |
| ၃၂ | https://t.me/kothetjournalist9000/72252 | ရခိုင်ရေဘေးမကူညီရ |
| ၃၃ | https://t.me/fightermedia2024/984 | ရေဘေးအကြောင်းပြ တိုက်ပွဲဖော်ဆောင်၊ လက်နက်စုဆောင်း |

| | | |
|---|---|---|
| ၃၄ | https://t.me/BABANYUNT6/14985 | ရေဘေးအကြောင်းပြ တိုက်ပွဲဖော်ဆောင်၊ လက်နက်စုဆောင်း |
| ၃၅ | https://t.me/nayzinlatt2023/6891 | စစ်တပ်သည်သာ အားကိုးရာ |
| ၃၆ | https://t.me/kothetjournalist9000/71559 | စစ်တပ်သည်သာ အားကိုးရာ |
| ၃၇ | https://t.me/BABANYUNT6/15013 | စစ်တပ်သည်သာ အားကိုးရာ |
| ၃၈ | https://t.me/Thazinoo969/21492 | စစ်တပ်သည်သာ အားကိုးရာ |
| ၃၉ | https://t.me/minchitoo989989/38612 | စစ်တပ်သည်သာ အားကိုးရာ |
| ၄၀ | https://t.me/snowqueen023/72667 | စစ်တပ်သည်သာ အားကိုးရာ |
| ၄၁ | https://t.me/minchitoo989989/38658 | စစ်တပ်သည်သာ အားကိုးရာ |
| ၄၂ | https://t.me/BABANYUNT6/14812 | စစ်တပ်သည်သာ အားကိုးရာ |
| ၄၃ | https://t.me/BABANYUNT6/14757 | ဖမ်းဆီးရန်လှုံ့ဆော်မှု |